**Assistance Association for Political Prisoners (AAPP)**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**

## အကျဉ်းထောင်များအတွင်း ကိုဗစ်-၁၉ အခြေအနေ

၁၆ ဇူလိုင် ၂၀၂၁

မြန်မာပြည်တစ်ဝှမ်း၌ ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါ လျင်မြန်စွာ ကူးစက်ပြန့်ပွားလျက်ရှိသောကြောင့် လူမှုအသိုင်းအဝိုင်းကို အလွန်အမင်း ထိခိုက်မှုဖြစ်ပေါ်လျက်ရှိသည်။ ယခုအခြေအနေတွင် အကြမ်းဖက်စစ်အုပ်စုသည် လက်နက်များကို အသုံးပြုရန်မလိုဘဲ ထိုသေစေလောက်သောရောဂါကို ပြန့်နှံ့စေခြင်း အားဖြင့် ပြည်သူများ အသက်ဆုံးရှုံးကြရာမှ ၎င်းတို့အတွက် အကျိုးဖြစ်ထွန်းလျက် ရှိသည်။

ထောင်နှင့်ချီသောပြည်သူများသည် အောက်ဆီဂျင် လုံလောက်စွာ မရရှိခြင်း ကြောင့် သေဆုံးနေကြရသည့်အချိန်တွင် အကြမ်းဖက်စစ်အုပ်စုမှ ပြည်သူများမှာ အောက်စီဂျင်ကို မလိုအပ်ဘဲ သိုလှောင်လျက်ရှိသည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ တစ်ဖက်တွင်လည်း အကြမ်းဖက်စစ်အုပ်စုမှ အောက်စီဂျင် ဖြည့်တင်းပေးသည့် စက်ရုံများအား ရပ်ဆိုင်းထားရန် ညွှန်ကြားထားသည်။ လူမှုကယ်ဆယ်ရေးအသင်းများမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်းခံထားရသော လူနာများအား အသက်ကယ်ရန်အတွက် ရုန်းကန်နေကြရပြီး အခက်အခဲများစွာ ကြုံတွေ့နေကြရချိန်တွင် အကြမ်းဖက် စစ်အုပ်စုမှ အောက်စီဂျင်ပြန်လည်ဖြည့်တင်းရန် စုဝေးစောင့်ဆိုင်းနေသော ပြည်သူ များကို ပစ်ခတ်ခဲ့သည်။

အကျဉ်းထောင်တွင်း အခြေအနေများမှာလည်း ပိုမိုဆိုးရွားလာလျက်ရှိပြီး အကြမ်း ဖက်စစ်အုပ်စုသည် ထောင်ဝင်စာတွေ့မည့် မိသားစုနှင့် ရှေ့နေများအား လာရောက် ခွင့်ကို ကန့်သတ်ထားသည့်အပြင် အကျဉ်းထောင်ဝန်ထမ်းများသည်လည်း ပြင်ပနှင့် အဆက်အသွယ်ပြုလုပ်နိုင်ခြင်းမရှိပါ။ သို့သော်လည်း အင်းစိန်အကျဉ်းထောင်၊ ဘားအံတောင်ကလေးအကျဉ်းထောင်၊ တောင်ကြီးထောင်နှင့် တောင်ငူအကျဉ်း ထောင်တို့၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိသည်ကို နိုင်ငံရေးအကျဉ်းသား များ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ သိရှိထားပြီးဖြစ်သည်။

သို့သော်လည်း အကျဉ်းသားဦးရေ မည်မျှကူးစက်ခြင်း ခံထားရသည် သို့မဟုတ် မည်မျှသေဆုံးသွား သည်နှင့်ပတ်သက်၍ကိုမူ သိရှိရခြင်းမရှိပါ။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (NLD) ၏ ဥပဒေအကြံပေး ဦးဉာဏ်ဝင်းမှာ အင်းစိန်အကျဉ်းထောင် အတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်းခံထားရပြီး ၎င်းမှာ NLD တွင် ထင်ရှားသည့် ထိပ်တန်းခေါင်းဆောင် တစ်ဦးဖြစ်သလို ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး၌ ဆေးဝါးကုသမှု ခံယူနေရသည်။ ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရသော အခြားသူများ၏ အခြေအနေများသည်လည်း ပိုမို ဆိုးရွားနိုင်ဖွယ်ရှိနေသည်။

**Email : info@aappb.org**

၂၀၁၈ ခုနှစ်တွင် AAPP မှ ထုတ်ပြန်ခဲ့သော “အကျဉ်းထောင်တွင်းလူဦးရေ လျော့ချနိုင်ရေး အရေးတကြီး လုပ်ဆောင်ရန်လိုအပ်သည့် အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေး နည်းလမ်းများ” အစီရင်ခံစာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) မှ ၂၀၁၇ ခုနှစ်တွင် ပြုလုပ်ခဲ့သော စုံစမ်းစစ်ဆေးမှု၌ အကျဉ်းထောင်တွင်း လူဦးရေထူထပ်ခြင်းကို သုံးသပ်ဖော်ပြထားသည်။ MNHRC မှ စုံစမ်းစစ်ဆေးခဲ့သော အကျဉ်းထောင် (၃၀) ၏ စုစုပေါင်း ဝင်ဆံ့နိုင်သည့် အကျဉ်းသားဦးရေမှာ ၃၁,၅၀၀ ဖြစ်သော်လည်း အကျဉ်းထောင်များတွင် အကျဉ်းသားဦးရေ (၅၀၀၀၀) ကျော် ထိန်းသိမ်းထားရပြီး (၁၉၀၀၀) ပိုလွန်၍ ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရသည်။ အစီရင်ခံစာ ထုတ်ပြန်ပြီးကတည်းက ယနေ့အချိန်ထိတိုင် အကျဉ်းထောင်တွင်း လူဦးရေထူထပ်နေသည့် ပြဿနာကို ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။

AAPP မှ ယခင်က အကျဉ်းထောင်များကို သွားရောက်လည်ပတ်မှုများမှ အကျဉ်းထောင်များတွင် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်းများအား သိရှိထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏အကျဉ်းထောင်များသည် လူသေဆုံးလျှင်ပင် ဂရုစိုက်မှု၊ ဂရုထားမှုမရှိသည့် အဖွဲ့အစည်း၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။ အရပ်သားအစိုးရ၏ စီမံခန့်ခွဲမှုဖြင့် ကာကွယ်ဆေးဝယ်ယူမည့်အစီအစဉ်များမှာလည်း စစ်တပ်မှ အာဏာသိမ်းလိုက်ကတည်းက ပျက်စီးသွားခဲ့ပြီဖြစ်သည်။

ပြီးခဲ့သည့်နှစ် ကိုဗစ် ၁၉ ဖြစ်ပွားချိန်၌ AAPP မှ ၂၀၂၀ ခုနှစ် မေလ မှ နိုဝင်ဘာလအထိ အကျဉ်းထောင် နှင့် အလုပ်ကြမ်းစခန်း စုစုပေါင်း ၃၃ ခုတွင် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ သွားရောက်ဝေမျှခဲ့ပြီး စစ်တပ်မှ ထိန်းချုပ်ထားသော အကျဉ်းဦးစီးဌာနမှ စာရင်းများ၊ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အကျဉ်းထောင်တာဝန်ရှိသူများအား စုံစမ်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ပြုလုပ်ရခြင်းမှာ စစ်တပ်၏ စီမံအုပ်ချုပ်မှုအောက်တွင်ရှိသော အကျဉ်းဦးစီးဌာနအနေဖြင့် အမှန်တရားအား ထုတ်ဖော်ပြောကြားမည်ဟု ယုံကြည်မှုမရှိသောကြောင့်ဖြစ်သည်။ အကြမ်းဖက်စစ်အုပ်စုသည် ပြည်သူများကို နှိပ်စက်ညှဉ်းပမ်း၍ သတ်ဖြတ်လျက်ရှိပြီး သေဆုံးသူများအား ကိုဗစ်-၁၉ ကူးစက်ခြင်းကြောင့် သေဆုံးခြင်းဖြစ်သည်ဟု အကြောင်းပြလျက်ရှိသည်။

လက်ရှိအခြေအနေတွင် အကြမ်းဖက်စစ်အုပ်စုမှ ကိုဗစ်-၁၉ ကူးစက်ရောဂါအား စစ်လက်နက်တစ်ခုသဖွယ် အသုံးပြုနေသည်ကို ရှင်းလင်းစွာတွေ့မြင်နိုင်သည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအမည်ခံ အကြမ်းဖက်စစ်ကောင်စီအနေဖြင့် ရောဂါပြန့်ပွားလာမည်ဆိုသည်ကို သဘောပေါက်နားလည်ထားပြီးဖြစ်သည်။ ၎င်းတို့သည် ဆေးကျောင်းသားများအား ဖမ်းဆီးခြင်း၊ ညအချိန်များ၌ ဆေးရုံများအား ဝင်ရောက်စီးနင်းခြင်း၊ ကျန်းမာရေးလုပ်သားများအား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဆရာဝန်များ နှင့် သူနာပြုများ ဦးဆောင်သော ဆန္ဒထုတ်ဖော်ပွဲများအား ပစ်ခတ်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအတွင်း အကျဉ်းသားဦးရေထူထပ်ခြင်းနှင့် အကျဉ်းသားများ၏ အခွင့်အရေးများကို စနစ်တကျ ချိုးဖောက်ခြင်းများကြောင့် အကျဉ်းသားများသည် ထိခိုက်လွယ်နေဆဲဖြစ်ပြီး အထူးသဖြင့် ရောဂါကူးစက်ပြန့်နှံ့မှုကြောင့် အန္တရာယ်ရှိနေသည်။ အကျဉ်းထောင်ဝန်ထမ်းများမှာ စနစ်တကျလေ့ကျင့်သင်ကြားမှုအားနည်းပြီး အင်းစိန်အကျဉ်းထောင် နှင့် တောင်ကြီးအကျဉ်းထောင်တို့၌ ဝန်ထမ်းများ ရောဂါကူးစက်ခံနေရသည်ဟု သတင်းထွက်ပေါ်လျက်ရှိကာ အကျဉ်းထောင်ဝန်ထမ်းတစ်ဦးလျှင် အကျဉ်းသား ၁၄.၆ နှင့် ၁၆.၀ အချိုးအသီးသီး ဖြစ်နေသည်။

ထို့ကြောင့် အာဏာပိုင်များအနေဖြင့် အကျဉ်းသားများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို စောင့်ကြည့်ရန် သို့မဟုတ် ကူးစက်ရောဂါလက္ခဏာပြနေသော သို့မဟုတ် ရောဂါကူးစက်နေသော အကျဉ်းသားများကို သီးခြားထားရန် လုံလောက်သော လုပ်ဆောင်မှုများကို မပြုလုပ်နိုင်ပါ။

သို့ဖြစ်၍ ထောင်ပေါင်းများစွာသော ဒီမိုကရေစီထောက်ခံလိုလားသူများသည် အန္တရာယ်ကျရောက်နေပြီး အထူးသဖြင့် ရန်ကုန်မြို့တွင် ဖြစ်ပေါ်လျက်ရှိနေသည်။ အကျဉ်းသားဦးရေ (၅၀၀၀) သာ ဝင်ဆံ့သည့် အင်းစိန်အကျဉ်းထောင်အတွင်း၌ အကျဉ်းသား (၁၃၀၀၀) ဝန်းကျင်ခန့်ကို ထိန်းသိမ်းထားသည်ဟု ဥပဒေအကြံပေး ဦးခင်မောင်မြင့်မှ ဧရာဝတီသတင်းဌာနသို့ ဇူလိုင်လ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထို့ကြောင့် အင်းစိန်အကျဉ်းထောင်သည် ၎င်းဝင်ဆံ့နိုင်သည့်ပမာဏထက် ၂၆၀% ပို၍ ထိန်းသိမ်းနေရသည်ဟု ဦးခင်မောင်မြင့်၏ အဆိုအရ သိရှိရသည်။

သတင်းအရင်းအမြစ်များအရ တောင်ကြီးအကျဉ်းထောင်တွင် ရောဂါကူးစက်ဖြစ်ပွားမှုမှာ သိသာထင်ရှားသည့် ခြိမ်းခြောက်မှု ဖြစ်ပြီး အာဏာမသိမ်းမီကပင် ဝင်ဆံ့နိုင်သည့်ပမာဏထက် ၂၅၁.၃% ပို၍ ထိန်းသိမ်းထားရကာ အကျဉ်းသားဦးရေ (၃၀၀) သာဝင်ဆံ့သည်ကို အကျဉ်းသားဦးရေ (၇၅၄) ဦးကို ထိန်းသိမ်းနေရသည်။ အကျဉ်းသားဦးရေထူထပ်ခြင်းကို ကျော်လွန်၍ ဆိုးရွားသောပြဿနာတစ်ခုမှာ အကျဉ်းထောင်များအတွင်း HIV ကူးစက်နှုန်း အလွန်ပြန့်နှံ့လျက်ရှိသည်။ အကြမ်းဖက် စစ်အုပ်စုမှ ထားဝယ်တွင် HIV လူနာများအား ကုသမှုကို ရပ်တန့်ရန် MSF အဖွဲ့အစည်းသို့ စာပို့၍ တားမြစ်ခဲ့ခြင်းသည် လူ့အသက်ကို ခြိမ်းခြောက်လာခြင်း ဖြစ်သည်ဟု ညွှန်းဆိုပြနေသည်။

ယုံကြည်ရသည့် သတင်းရင်းမြစ်တစ်ခု၏ အဆိုအရ ဘားအံတောင်ကလေး အကျဉ်းထောင်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်နှံ့မှု အဆမတန်ဖြစ်ပွားလျက်ရှိနေပြီး ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အမျိုးသမီးတစ်ဦးမှာ အချုပ်ဆောင်အတွင်း ကိုဗစ်သံသယဖြင့် အသက်သေဆုံးသွားခဲ့သော်လည်း သတင်းထိန်ချန်ထားခဲ့သည်။

ထို့အပြင် အနံ့ပျောက်နေသည့် လူနာများကိုလည်း အခြားအကျဉ်းသားများနှင့်အတူ ရောနှောထားရှိသလို ဆေးကုသခွင့်လည်း ပိတ်ပင်ထားသည်။ မိသားစုနှင့် ဆက်သွယ်ခွင့်ကိုပါ တားမြစ်ထားသည့်အတွက် ဆေးဝါးထောက်ပံ့နိုင်မှုအတွက်ပါ လွန်စွာခက်ခဲနေရသည်ဟု သိရှိရသည်။

အခြေခံလူ့အခွင့်အရေးများနှင့်ပတ်သက်၍ အကြမ်းဖက်စစ်အုပ်စုမှ မည်ကဲ့သို့သဘောထားသည်ကို ရှင်းလင်းစွာမြင်တွေ့ရပြီး ဖြစ်သည့်အတွက် ကာကွယ် ဆေးထိုးမည့် အစီအစဉ်အား အကြမ်းဖက်စစ်အုပ်စုမှ လုံးဝ စီမံခန့်ခွဲခွင့်မရှိသင့်ပါ။ ပြည်သူလူထုမှလည်း အကြမ်းဖက်စစ်အုပ်စု၏ အဆိုပါအစီအစဉ်ကို ယုံကြည်ခြင်းမရှိသကဲ့သို့ လက်ခံနိုင်ခြင်းလည်းမရှိပါ။ AAPP မှ ပြည်သူများအတွက် အလွန်အမင်း စိုးရိမ်မိပြီး ဒေသတစ်ခုလုံးအပေါ်ကျရောက်မည့် ဆိုးကျိုးများအတွက်လည်း အထူးစိုးရိမ် ပူပန်မိပါသည်။

> “ပြည်သူများအား ကူညီစောင့်ရှောက်ရန်အတွက် နိုင်ငံတွင်း လွတ်လပ်သော နိုင်ငံသားနှင့် နိုင်ငံရေးနယ်ပယ်မှ ပြည်သူများက ရွေးချယ်သော ယုံကြည်သည့် ဦးဆောင်နိုင်မှုကို ကျွန်ုပ်တို့ လိုအပ်ပါသည်။ ထို့ကြောင့် အမေရိကန်၊ ဥရောပသမဂ္ဂ၊ အာဆီယံ၊ တရုတ်၊ ကုလသမဂ္ဂနှင့် အလှူရှင်အဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် အရပ်သားအစိုးရနှင့် ပွင့်လင်းသော အရပ်ဘက်နိုင်ငံရေးနှင့် လူထုအခြေပြုစနစ်များ ပြန်လည်အသက်ဝင်လာစေရန် အကြမ်းဖက်စစ်အုပ်စုကို ဖိအားပေးရန် တိုက်တွန်းအပ်ပါသည်။ ”

**Email : info@aappb.org**